**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ဝန်ကြီးရုံး**

**ညွှန်ကြားချက်အမှတ်၊ ၁ /၂၀၂၁**

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်
(၂၀၂၁ ခုနှစ်၊ မေလ ၁၄ ရက်)

**တရားဝင်ခွင့်ပြုချက်မရှိဘဲ ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်များ လက်ဝယ်ထားရှိခြင်းကိစ္စ**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသည် ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက် လက်ဝယ်ထားရှိသူများအား လိုက်နာဆောင်ရွက်ရေးအတွက် ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေ ပုဒ်မ ၈ နှင့် ပုဒ်မ ၄၅ ပုဒ်မခွဲ(ဂ) တို့အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်-

၁။ ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေ ပုဒ်မ ၈ အရ ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက် လက်ဝယ်ထားရှိလိုသူသည် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်များ ပြည်ပမှတင်သွင်းခြင်း၊လက်ဝယ်ထားရှိခြင်း၊ အသုံးပြုခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ လိုင်စင်ထုတ်ပေးခြင်း၊ လိုင်စင်ခနှင့်လိုင်စင်စည်းကမ်းများ သတ်မှတ်ခြင်းတို့နှင့်စပ်လျဉ်း၍ အခါအားလျော်စွာ ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားပါသည်။

၂။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသည် ဂြိုဟ်တု ရုပ်မြင်သံကြားဖမ်းစက်ဆိုင်ရာ အမိန့်အမှတ်(၁/၁၉၉၃)အရ ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်များနှင့်စပ်လျဉ်း၍ လက်ဝယ်ထားရှိခွင့် လိုင်စင်များအားထုတ်ပေးခဲ့ပါသည်။ သို့ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့၊ စီးပွား ရေးရာကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၁၄) ၏ဆုံးဖြတ်ချက်အရ လိုင်စင်ကိစ္စများ ရပ်ဆိုင်းပြီးဖြစ်ပါသဖြင့် လက်ရှိအသုံးပြုနေသည့် ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်များအနက် ပြန်ကြားရေးဝန်ကြီးဌာနက တရားဝင်ခွင့်ပြုထားသော အဖွဲ့အစည်းများ၏ ဂြိုဟ်တုရုပ်မြင် သံကြားဖမ်းစက်များမှလွဲ၍ မှတ်ပုံတင်ထားခြင်း၊ လိုင်စင်ရယူထားခြင်းမရှိသော ပစ္စည်းများသည် လက်ဝယ်ထားရှိခွင့်မရှိသော တရားမဝင်ဂြိုဟ်တုရုပ်မြင်သံကြား ဖမ်းစက်များ ဖြစ်ပါသည်။

၃။ အဆိုပါ တရားမဝင် ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက် လက်ဝယ်ထားရှိသူများသည် ဤညွှန်ကြားချက် ထုတ်ပြန်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ မြို့နယ် သို့မဟုတ် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အပ်နှံရမည်။

၄။ ဤညွှန်ကြားချက်ပါသတ်မှတ်ထားသည့်ရက်အတွင်းအပ်နှံရန်ပျက်ကွက်ပြီး လက်ဝယ်ထားရှိခွင့်မရှိသော တရားမဝင်ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်များကို လက်ဝယ်ဆက်လက် ထားရှိပါက ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေ ပုဒ်မ ၃၆ အရ အရေးယူခြင်းခံရမည်ဖြစ်ပါသည်။

(ပုံ)

တင်အောင်စန်း
ဗိုလ်ချုပ်ကြီး
ပြည်ထောင်စုဝန်ကြီး
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန